JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**မေ ၂၀၊ ၂၀၂၂ | မြန်မာ**

# ဖင်လန်နိုင်ငံ၏ Wärtsilä Corporation က စစ်ကောင်စီထံမှ အကျိုးအမြတ် ရှာဖွေနေ

### *စစ်ကောင်စီတင်ဒါများမှ ချက်ချင်းနုတ်ထွက်ရန် JFM တောင်းဆို*

ဖင်လန်နည်းပညာကုမ္ပဏီကြီး Wärtsilä Corporation သည် မကွေးမြို့နှင့် မြင်းခြံမြို့တို့တွင် သဘာဝဓါတ်ငွေ့နှင့် ဆိုလာစနစ် ပေါင်းစပ်သုံး လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့အတွက် တရားမဝင်စစ်တပ်ထိန်းချုပ်ထားသည့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်း (EPGE) ထံမှ တင်ဒါနှစ်ခု ရရှိထားသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် EPGE က အဆိုပါ <u>တင်ဒါ</u> ကိုခေါ်ယူခဲ့ပြီး လျှောက်လွှာပိတ်ရက်ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလဟု သတ်မှတ်ထားသည်။ EPGE သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းတစ်ခုဖြစ်ပြီး နေပြည်တော်တွင် ရုံးချုပ်တည်ရှိသည်။

Wärtsilä သည် ယင်းတင်ဒါနှစ်ခုလုံးကို တရုတ်ကော်ပိုရေးရှင်း Dongfang Electric International Corporation၊ Myanmar Chemical and Machinery (MCM) တို့နှင့် အကျိုးတူပေါင်းစပ်လုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

MCM ကုမ္ပဏီသည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးညွှန်ကြားမှုဌာနနှင့် ပူးပေါင်းလုပ်ကိုင်ကာ မြန်မာနိုင်ငံတွင် စစ်လက်နက်များ ထုတ်လုပ်ရာတွင်လည်း အရေးပါသည့် စစ်လက်နက်ရောင်းဝယ်သူ ဖြစ်သည်။

ကနေဒါ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့က ၂၀၂၂ ခုနှစ်၊ မတ်လ(၂၅) ရက်နေ့တွင် MCM ကုမ္ပဏီအား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ယူကေအစိုးရက ၎င်းတို့၏ဒဏ်ခတ်ပိတ်ဆို့မှုများ ကြေညာချက်တွင် MCM ကုမ္ပဏီ အား "စစ်ကောင်စီအတွက် စစ်လက်နက်များနှင့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုများ၏ အဓိကရင်းမြစ်တစ်ရပ်" အဖြစ် <u>ဖော်ပြ</u> ခဲ့ပြီး MCM ကုမ္ပဏီမှ မန်းနေဂျင်းဒါရိုက်တာ အောင်လှိုင်ဦးအား "ကာကွယ်ရေးဦးစီးချုပ်နှင့် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး" အဖြစ် ဖော်ပြခဲ့သည်။

ယင်းတင်ဒါလျှောက်ထားရာတွင် MCM ကုမ္ပဏီကိုယ်စား ၎င်းတို့၏ စင်္ကာပူကုမ္ပဏီခွဲ MCM Pacific Pte. Ltd. နှင့် မြန်မာကုမ္ပဏီခွဲ MCM Energy Ptd. Ltd. တို့က ပါဝင်သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီး နောက်နေ့တွင် MCM Energy သည် မလိခစွမ်းအင်ကုမ္ပဏီ (Malikha Energy) အဖြစ် ချက်ခြင်း အမည်ပြောင်းလဲခဲ့ခြင်းသည် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကို ရှောင်လွှဲရန် ကြိုးပမ်းမှုလည်း ဖြစ်နိုင်သည်။

လက်နက်ရောင်းဝယ်ရေးတွင် ပါဝင်ပတ်သက်နေမှုများအား JFM မှ စုံစမ်းဖော်ထုတ်ပြီးနောက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အောင်လှိုင်ဦးသည် ကုမ္ပဏီမှ နုတ်ထွက်ခဲ့သည်။

မလိခစွမ်းအင်ကုမ္ပဏီဟု အမည်ပြောင်းလဲခဲ့သော်လည်း မူလမှတ်ပုံတင်စဉ်ကတည်းကအသုံးပြုခဲ့သော MCM Group အီးမေးလ်ကိုပင် ဆက်လက်အသုံးပြုနေပါသည်။

စင်္ကာပူကုမ္ပဏီ၏ ဒါရိုက်တာနှင့် အစုရှယ်ယာရှင်အဖြစ် အောင်လှိုင်ဦးက ဆက်လက်ရှိနေဆဲဖြစ်သည်။

MCM ကုမ္ပဏီအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ပြီးနောက်တွင် Wärtsilä Corporation ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "MCM ကုမ္ပဏီနဲ့ ၎င်းတို့အဖွဲ့ဝင်များပါဝင်တဲ့ စီးပွားရေးလုပ်ငန်းအားလုံး သို့မဟုတ် မိတ်ဖက်ဆောင်ရွက်မှုတွေအားလုံးကို လက်တွေ့ချက်ချင်း မြန်မြန်ဆန်ဆန် ရပ်ဆိုင်းထားပြီးပါပြီ၊ Wärtsilä က နိုင်ငံတကာအသိုင်းအဝန်းနဲ့ သဘောထားတူညီစွာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓါတ်အားအသုံးပြုရေးစနစ်အတွက် အားထားနိုင်တဲ့အတိုင်းအတာ၊ သက်သာတဲ့ ဈေးနှုန်းအနေအထားမျိုးနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ရည်သန်အားစိုက်ဆဲ ဖြစ်ပါတယ်၊ ဒါကြောင့် လက်ရှိအချိန်အထိ ဒဏ်ခတ်ပိတ်ဆို့မှုများမှ လွတ်ကင်းနေသေးတဲ့ EPGE နဲ့ ကျွန်ုပ်တို့ရဲ့ထိတွေ့ဆက်ဆံမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု Justice For Myanmar သို့ ပြောကြားခဲ့သည်။

Wärtsilä ကော်ပိုရေးရှင်းသည် ၎င်းတို့အနေဖြင့် MCM ကုမ္ပဏီအား မြင်းခြံနှင့် မကွေးစွမ်းအင်စီမံကိန်းများအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းမှ မည်ကဲ့သို့ ဖယ်ရှားနိုင်ခဲ့သည်ကိုမူ ရှင်းလင်းပြောဆိုရန်ငြင်းဆန်ခဲ့သည်။ ထို့အတူ အဆိုပါကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်သည့် မေးခွန်းများ၊ စစ်ကောင်စီ၏ တင်ဒါများတွင် ၎င်းတို့ပါဝင်မှုနှင့် စပ်လျဉ်း၍ ဖင်လန်နိုင်ငံအစိုးရထံမှ အကြောင်းကြားစာအပေါ် ဖြေရှင်းထားခြင်းရှိမရှိနှင့် ပတ်သက်သည့် မေးခွန်းများကိုလည်း တုံ့ပြန်ဖြေကြားရန် ငြင်းဆန်ခဲ့သည်။

စစ်ကောင်စီက ၎င်းတို့၏ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြင်းခြံနှင့် မကွေးမြို့များကို တရားလက်လွတ် လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကြဲတိုက်ခိုက်မှုများဖြင့် ပစ်မှတ်ထားလုပ်ဆောင်ခဲ့ပြီး ၎င်းတို့ တပ်သားများကလည်း လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် မုဒိန်းမှုများကို ကျူးလွန်ခဲ့သည်။

Wärtsilä Corporation သည် ဖင်လန်စတော့အိတ်ချိန်း Nasdaq Helsinki တွင် စာရင်းဝင်ကုမ္ပဏီတစ်ခု ဖြစ်သည်။ ၎င်းတို့၏ အများဆုံးရှယ်ယာရှင်သည် ဆွီဒင်နိုင်ငံ၏ Wallenberg မိသားစုဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "Wärtsilä အနေနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေကို လုံးဝအပြစ်ပေးအရေးယူခံမနေရပဲ ကျူးလွန်နေတဲ့ စစ်ကောင်စီဆီကနေ အကျိုးအမြတ်တွေ ရှာဖွေနေတာဖြစ်ပါတယ်။

"မြန်မာစစ်ကောင်စီက အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတာကို ဗျူဟာမြောက်လက်နက်အနေနဲ့ အသုံးချပြီး တိုင်းပြည်ကို အပြည့်အဝထိမ်းချုပ်နိုင်ဖို့ ကြိုးပမ်းနေတာပါ။

"လျှပ်စစ်မီးတာခတွေမပေးပဲ အကြမ်းဖက်စစ်တပ်ကို အံတုဆန့်ကျင်နေကြတဲ့ ပြည်သူအများစုကြီးကို အကြမ်းဖက်စစ်တပ်က တုန့်ပြန်အပြစ်ပေးတဲ့အနေနဲ့ မီးတွေဖြတ်တာ လုပ်နေပါတယ်။

"Wärtsilä က ဒဏ်ခတ်ပိတ်ဆို့အရေးယူခံရတဲ့ မိတ်ဖက်ကုမ္ပဏီ MCM နဲ့ သူတို့ရဲ့ စီးပွားရေး ဆက်နွှယ်မှုတွေကို ရပ်ဆိုင်းလိုက်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့နဲ့အတူ တင်ဒါနှစ်ခု ရထားတဲ့ မိတ်ဖက်ကို ဒဏ်ခတ်အရေးယူတဲ့အနေနဲ့ ဘယ်လိုဖယ်ထုတ်ခဲ့တယ်ဆိုတာ ထုတ်ပြန်ပြောကြားခြင်း မရှိတဲ့အပေါ်မှာတော့ ကျွန်မတို့က စိုးရိမ်နေရဆဲပါ။

"Wärtsilä ဟာ လူ့အခွင့်အရေးဆိုင်ရာ ပြဌာန်းချက်တွေကို အစကတည်းက မလိုက်နာခဲ့လို့ မြန်မာစစ်တပ်အတွက် အဓိကစစ်လက်နက်ရောင်းဝယ်ပေးသူနဲ့ စီးပွားရေးမိတ်ဖက် လုပ်ဆောင်ခဲ့တာပါ၊ ဒီအချက်က သူတို့ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ပြဌာန်းချက်တွေအပေါ် လိုက်နာမှုနဲ့ပတ်သက်ပြီး အင်မတန်မှစိုးရိမ်စရာကောင်းတဲ့အချက် ဖြစ်ပါတယ်။

"Wärtsilä အနေနဲ့ ပွင့်လင်းမြင်သာမှုရှိဖို့၊ သူတို့ရဲ့လူ့အခွင့်အရေးတာဝန်တွေကို လိုက်နာဖြည့်ဆည်းဖို့၊ အမျိုးသားညီညွတ်ရေးအစိုးရရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဖို့၊ MCM နဲ့ စစ်ကောင်စီအတွက်

ငွေအလုံးအရင်းလိုက်ဝင်မဲ့ မြင်းခြံနဲ့ မကွေးစွမ်းအင်စီမံကိန်းတွေကနေ နုတ်ထွက်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်” ဟု ပြောကြားသည်။

## ထပ်မံသိရှိလိုပါက-

**Justice For Myanmar**


အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - https://www.twitter.com/justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/


Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများအစုအဖွဲ့ဖြစ်သည်။